ကေန်အမှန် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် စဂျ်ဒဟ်နှစ်ခုကြားတွင် ် " **اللَّهمَّ اغْفِرْ لي، وارْحَمْنِي، وعافِني، واهْدِني، وارزقْنِي** " (အဝိပ္ပါယ် - အို -အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊ ကရုဏာပြုတော်မူပါ၊ ငြိမ်းချမ်းမှုအဖြာဖြာ ချီးမြှင့်တော်မူပါ၊ လမ်းမှန်တရားချီးမြှင့်တော်မူပါ၊ စားနပ်ရိက္ခာချီးမြှင့်တော်မူပါ။)ကို အမြဲတောင်းခံလေ့ရှိ၏။

အိဗ်နုအဗ္ဗာစ် (ရသ္ဒိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ ကေန်အမှန် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် စဂျ်ဒဟ် နှစ်ခုကြားတွင် ် " اللّهمَّ اغْفِرْ لي، وارْحَمْنِي، وعافِني، واهْدِني، وارزقْنِي " (အဓိပ္ပါယ် - အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊ ကရုဏာပြုတော်မူပါ၊ ငြိမ်းချမ်းမှုအဖြာဖြာ ချီးမြှင့်တော်မူပါ၊ လမ်းမှန်တရားချီးမြှင့်တော်မူပါ၊ စားနပ်ရိက္ခာချီးမြှင့်တော်မူပါ။)ကို အမြဲတောင်းခံလေ့ရှိ၏။

[رواه أبو داود والترمذي وابن ماجه وأحمد] [حسن بشواهده]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ဆွလာသ်၌ စဂျ်ဒဟ်နှစ်ခုကြားတွင် ဤတောင်းဆုတော်ငါးခုကို အမြဲတမ်းတောင်းခံလေ့ရှိသည်။ ထိုတောင်းဆုတော်များသည် မွတ်စ်လင်မ်များအတွက် အလွန်လိုအပ်သော တောင်းဆုများဖြစ်သည်။ ထိုတောင်းဆုတော်များတွင် လောကီ၊ လောကုတ္တရာ နှစ်ဌာန၏ ကောင်းခြင်းများဖြစ်သည့် ခွင့်လွှတ်မှုချီးမြှင့်ပေးတော်မူရန်၊ အပြစ်အကုသိုလ်များကို ဖုံးကွယ်ပေးကာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူရန်၊ ကရုဏာတော်များ အပြည့်အဝချီးမြှင့်ပေးသနားရန်၊ သံသယဖြစ်ဖွယ်ကိစ္စရပ်များ၊ ပျက်စီးဒုက္ခရောက်စေသည့် အလိုရမ္မက်များ၊ ရောဂါများမှကင်းစင်ကာ အေးချမ်းသာယာမှုကို ချီးမြှင့်တော်မူရန်တို့ပါရှိသည်။ ထို့အတူ ဟိဒါယသ် လမ်းမှန်တရား ချီးမြှင့်တော်မူပြီး ယင်းအပေါ် စွဲမြဲစွာရပ်တည်နိုင်ရန်နှင့် အီမာန်ယုံကြည်မှု၊ အသိပညာ၊ ကောင်းမြတ်သည့် အမလ်ကျင့်ဆောင်မှုများ၊ သန့်ပြန့်သည့် ဟလာလ်ပစ္စည်းများကို ချီးမြှင့်ပေးသနားရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် တောင်းခံခြင်းများ ပါရှိသည်။

http://sunnah.global/hadeeth/my/show/10930